# မာတိကာ


| | |
|---|---|
| ဘာသာပြန်သူ၏ အမှာစာ | ၅ |
| အမှာစာ | ၇ |
| ဟက်ပီးဘတ်ဒေး ... ဂျင်(မ်) | ၁၅ |
| ဟေဒေးဂုဒ်မှ လက်ရွေးစင်ကျွမ်းဘားသမား | ၂၉ |
| ဆီးရီးယား ခရီးစဉ် | ၇၃ |
| လည်ပင်းကြိုးကွင်း | ၁၁၀ |
| ကလေးဆေးရုံအောက်မှ ဓားစာခံများ | ၁၅၂ |
| ဂျိမ်းစ်နှင့် ဒန်နီယယ် | ၂၁၄ |
| လမြင်ရရဲ့လား ... သားရယ် | ၂၄၆ |
| အပြင်လောကကို လိမ္မော်ရောင်ဝတ်စုံနှင့် ငေးကြည့်ခြင်း | ၂၈၈ |
| အမှောင်ထဲမှ ဒီးမေးလ်များ | ၃၂၉ |
| လက်တွေ့စမ်းသပ်မှု | ၃၅၄ |
| အမေ ... ကျွန်တော် ဒန်နီယယ်ပါ | ၃၉၄ |
| လွတ်မြောက်မှုဆီသို့ ပြန်ရောက်ခြင်း | ၄၃၇ |
| သဲကန္တာရထဲမှ သေမင်း | ၄၆၆ |
| စာကြွင်း | ၅၀၀ |
| ISIS ဖမ်းဆီးထိန်းသိမ်းခဲ့သည့် နိုင်ငံခြားသားများ | ၅၀၅ |
| စာအုပ်နှင့်ပတ်သက်၍ အနည်းအကျဉ်းပြောလိုခြင်း | ၅၀၈ |


# ဘာသာပြန်သူ၏ အမှာစာ

ISIS (သို့) IS သည် ကမ္ဘာကို လှုပ်ကိုင်နိုင်ခဲ့သည့် ကမ္ဘာ့အရက်စက်ဆုံး အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ဟုဆိုလျှင် မမှား။ ယခုလည်း ယခင်လောက်အင်အားမကြီးတော့သည့်တိုင် အကြွင်းအကျန်အုပ်စုငယ်များက ဆီးရီးယားမြေပေါ်တွင် အကြမ်းဖက်လှုပ်ရှားနေကြတုန်း။ သူတို့၏ ဩဇာလွှမ်းမိုးမှုအထွတ်အထိပ်ရောက်ခဲ့သည့် ၂၀၁၃–၂၀၁၄ ခုနှစ် ဝန်းကျင်ကာလတွင် ဆီးရီးယားနိုင်ငံ၌ စစ်ပွဲသတင်း မှတ်တမ်းများ လာယူကြရင်း IS ၏ ပြန်ပေးဆွဲခြင်းခံရပြီး ဓားစာခံဘဝ ရောက်ခဲ့ရသည့် နိုင်ငံတကာ ဂျာနယ်လစ် အရေအတွက်က မနည်းလှချေ။ ထိုအထဲတွင် ဒိန်းမတ်လူငယ် ဓာတ်ပုံဂျာနယ်လစ် ဒန်နီယယ်ရိုင်းလည်း တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မေလတွင် သူသည် စစ်ပွဲ၏ အကျိုးဆက်ကြောင့် အရပ်သားများ ရင်ဆိုင်ကြုံတွေ့နေရသည့် မြေပြင်အခြေအနေများကို ဓာတ်ပုံမှတ်တမ်းယူရန်အတွက် ဆီးရီးယားနိုင်ငံသို့ စီစဉ်ထားသည့်အတိုင်း သုံးရက်ကြာခရီး ထွက်လာခဲ့သည်။ သို့ရာတွင် ကံအကြောင်းမလှတဲ့ ISIS က သူ့ကို ဖမ်းဆီးပြီး ဓားစာခံဘဝဖြင့် ၁၃ လတိုင်တိုင် အကျဉ်းချခံခဲ့ရသည်။

နိုင်ငံပေါင်း ၁၃ နိုင်ငံမှ တခြားဓားစာခံများစွာနှင့်အတူ ထိန်းသိမ်းခံခဲ့ရသည့်ကာလတစ်လျှောက်တွင် အစာငတ်၊ ရေငတ်၊ တစ်ကိုယ်လုံးလည်း နံစော်စုတ်ပြတ်သတ်ပြီး နည်းမျိုးစုံဖြင့် အနှိပ်စက်ခံခဲ့ရသည်။ ထိုဒုက္ခများကို



ရှေ့လျှောက် ခံးစည်းခံနိုင်စွမ်း မရှိတော့သည့်အခါ ကိုယ့်ကိုယ်ကိုယ် သတ်သေရန်အထိ ကြိုးစားခဲ့ဖူးသည်။ ရောင်းရင်းဓားစာခံများနှင့် အစီအစဉ်ဆွဲပြီး ထွက်ပြေးရန်လည်း ကြိုးစားခဲ့ဖူးသည်။ တကယ်တော့ သူသည် IS တို့၏ ငွေကြေးအကျိုးအမြတ်တစ်ခုတည်းအတွက် အသုံးချခံ နယ်ရုပ်တစ်ရုပ်မျှသာ ဖြစ်ခဲ့ပြီး IS တို့က ပြန်ရွေးငွေ ဒေါ်လာ ၂.၂ သန်း တောင်းဆိုခဲ့ကြသည်။ ဒိန်းမတ်အစိုးရကလည်း ပေါ်လစီအရ ပြန်ပေးသမားများကို ပြန်ရွေးငွေထုတ်ပေးခြင်းမရှိသဖြင့် သာမန်လူလတ်တန်းစားဖြစ်သည့် သူ့ မိသားစုမှာ ထိုပြန်ရွေးငွေပမာဏ ကောက်ခံရရှိရန် နည်းမျိုးစုံ ကြိုးပမ်းခဲ့ရသည်။ နောက်ဆုံးတွင် သူ ပြန်လွတ်လာခဲ့သော်လည်း အကျဉ်းထောင်ထဲ သူနှင့်အလွန်ခင်မင်ရင်းနှီးခဲ့သည့် အမေရိကန် ဂျာနယ်လစ် ဂျိမ်းစ်ဖိုလေး အပါအဝင် တခြားဓားစာခံ ၅ ဦးမှာ ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခံခဲ့ရသည်။

ဤစာအုပ်တွင် IS အဖွဲ့ကို စတင်တည်ထောင်ခဲ့ပုံ၊ သူတို့၏ အတွေးအခေါ် အယူအဆ၊ ဓားစာခံများအပေါ် သူတို့ ညှဉ်းပန်းနှိပ်စက်ခဲ့သည့် နည်းလမ်းများ။ ဒန်နီယယ်ရိုင်း လွတ်မြောက်ရေးအတွက် မိသားစုဘက်မှ အဆင့်ဆင့် ကြိုးပမ်းအားထုတ်ခဲ့စဉ် ရင်ဆိုင်ခဲ့ရသည့် ပြဿနာ အခက်အခဲများကို ရင်တမမနှင့် စိတ်လှုပ်ရှားဖွယ် ဖတ်ရှုကြရမည် ဖြစ်ပါသည်။

ကိုအောင် (မြောက်ဦး)